# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တဖြည်းဖြည်းချင်း တိုးမြှင့်ပါဝင်ခွင့် - တွေ့ရှိရသော အဓိက သင်ခန်းစာများ

Andreas Schädel နှင့် Véronique Dudouet

Berghof မူဝါဒ အကျဉ်းချုပ် ၁၁၊

၂၀၂၀ အောက်တိုဘာ

### ဤမူဝါဒ အကျဉ်းချုပ်သည် ဘာအကြောင်းအရာပါလဲ။

ဤမူဝါဒ အကျဉ်းချုပ်တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်မထိုးရသေးသော လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းမှ သက်ဆိုင်သူများ ပါဝင်ရေးဆိုင်ရာ အချိန်ကာလသတ်မှတ်ခြင်း၊ အစီအစဉ်ချခြင်းနှင့် ပါဝင်မှုပုံစံတို့နှင့် စပ်လျဉ်း၍ အထောက်အထား၊ အချက်အလက် အခြေပြု သင်ခန်းစာများနှင့် အကြံပြုချက်များကို ဖော်ပြ ထားပါသည်။ အားလုံးလွှမ်းခြုံသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုအရေး အပြောင်းအလဲကို ဖော်ဆောင်နိုင်ရန် အထောက်အကူ ပြုမည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား မည်သို့ ဒီဇိုင်းဆွဲ၍ အကောင်း အထည်ဖော်သင့်ပုံကို အကြံပြုရန် ရည်ရွယ်ပါသည်။

"တဖြည်းဖြည်းချင်း တိုးမြှင့်ပါဝင်ခွင့် - ထိရောက်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နည်းလမ်းတစ်ရပ် ဖြစ်သလား" အမည်ရ သုတေသနစာတမ်း (Schädel နှင့်Dudouet 2020) တွင် ခြုံငုံ ဖော်ပြထားသော အာဖဂန်နစ္စတန်၊ ကိုလံဘီယာ၊ မာလီနှင့် မြန်မာနိုင်ငံတို့မှ ငြိမ်းချမ်းရေး သဘောတူညီချက်များ ညှိနှိုင်း၊ အကောင်အထည်ဖော်ရာတွင် အပစ်အခတ်ရပ်စဲရေး လက်မှတ် မရေးထိုးထားသော လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းမှ ပါဝင်သူများ အတွက် "တဖြည်းဖြည်းချင်း တိုးမြှင့်ပါဝင်ခွင့်" နည်းလမ်းများအား နှိုင်းယှဉ်လေ့လာချက်များကို အခြေခံ၍ဤမူဝါဒအကျဉ်းချုပ်အား ပြုစုထားပါသည်။

### ဤအကြောင်းအရာသည် ဘာကြောင့် သက်ဆိုင်ပါသလဲ။

ငြိမ်းချမ်းရေး အတွက် အားလုံးပါဝင်ခွင့်ရသည့် လမ်းကြောင်း ဖော်ဆောင်ရေးသည် လွန်ခဲ့သည့် နှစ်အနည်းငယ်မှစ၍ နိုင်ငံတကာ ငြိမ်းချမ်းရေး တည်ဆောက်ရေး အစီအစဉ်များတွင် အဓိက မဏ္ဍိုင်တစ်ရပ်ဖြစ်လာပါသည်။ ပဋိပက္ခဖြေရှင်းရေး လုပ်ငန်းစဉ်များတွင် မတူညီသော အဖွဲ့ပေါင်းစုံနှင့် အကျိုးစီးပွား များကို ထည့်သွင်းပါဝင်စေခြင်းသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး တည်ဆောက်ရန် အရေးပါသော အချက်ဖြစ်ကြောင်း ပိုမိုလက်ခံလာကြသော်လည်း သက်ဆိုင်သူပေါင်းစုံပါဝင်ရန် အချိန် သတ်မှတ်ပုံ၊ အစီအစဉ်ဆွဲပုံများနှင့် သဘောတူညီချက်တစ်ခုကို ချုပ်ဆိုအကောင်အထည်ဖော်နိုင်ခြေအား မထိခိုက်စေဘဲ စစ်မှန် သော အားလုံးပါဝင်သည့် လုပ်ငန်းစဉ်ကို မည်သို့ စီစဉ်ဖန်တီးနိုင်ပုံ တို့နှင့်စပ်လျဉ်း၍မူ ရှုပ်ထွေးမှု၊ သဘောထားကွဲလွဲမှုများစွာ ရှိနေပါသည်။

### မည်သူ့အတွက် အရေးပါ ပါသလဲ။

ဤမူဝါဒ အကျဉ်းချုပ်သည် မူဝါဒချမှတ်သူများ၊ ညှိနှိုင်းဆွေးနွေးသူများ၊ ကြားဝင်စေ့စပ်ဆွေးနွေးသူများ၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး အဖွဲ့အစည်း များနှင့် အရပ်ဖက်လူမှုအဖွဲ့ အစည်းများနှင့် အရပ်ဖက် လှုပ်ရှားမှုများ၏ ကိုယ်စားလှယ်များအတွက် အဓိက ပြုစုထားခြင်းဖြစ်သည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အားလုံးပါဝင်ခွင့်နှင့် အထူးသဖြင့် အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းတို့၏ အခန်းကဏ္ဍတို့အား စိတ်ဝင်စားသူ သုတေသန ပညာရှင်များနှင့် လေ့လာသူ ကျောင်းသားများအတွက်လည်း အကျိုးရှိနိုင်ပါသည်။

### အဓိက အကြံပြုချက်များ

ပြင်ပမှ စေ့စပ်ညှိနှိုင်းသူများနှင့် ငြိမ်းချမ်းရေး (တည်ဆောက်မှု) အထောက်အကူပြု အဖွဲ့များအနေဖြင့်

- ပဋိပက္ခ စနစ်တစ်ခုတွင် ပါဝင်သူများနှင့် ပါဝင်ခွင့်မရသူများအား ပုံမှန် လေ့လာဆန်းစစ်သင့်သည်။
- ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ရလဒ်များအပေါ် ယုံကြည်မှုနှင့် ခိုင်လုံသည်ဟု လက်ခံမှု တိုးတက်လာစေရန် ပါဝင်ဆွေးနွေး ညှိနှိုင်း နေသော အဖွဲ့များနှင့် အခြား နိုင်ငံရေး၊ လူမှုရေး သက်ဆိုင်သူများအကြား အချက်အလက် မျှဝေနိုင်ရေး လမ်းကြောင်းများ ဖန်တီး ပံ့ပိုးပေးသင့်သည်။
- အခွင့်အလမ်းနည်းပါးသော လူမှုရေး အသိုက်အဝန်း၊ ကဏ္ဍများ အားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မျှတ၍ အဓိပ္ပါယ်ရှိစွာ လက်လှမ်းမီ ပါဝင်နိုင်ရန် ပံ့ပိုးပေးသင့်သည်။
- "မျဉ်းနီများ" သတ်မှတ်ခြင်း သို့မဟုတ် "ဆွေးနွေးရန် ခက်ခဲသော" သို့မဟုတ် "အစွန်းရောက်သော" အတိုက်အခံ လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အစိုးရမှ ချိတ်ဆက် ဆွေးနွေးပိုင်ခွင့်အား ကန့်သတ်ခြင်း မပြုလုပ်ရန် သတိပြုရမည်။
- နိုင်ငံတော်အစိုးရများနှင့် ဩဇာအာဏာရှိ အလွှာများမှနေ၍ အား လုံး ပါဝင်သော နည်းလမ်းများကို လက်ခံလာရန် မက်လုံး၊တွန်း အား ပေးမှုများအား ပိုမိုမဟာဗျူဟာကျကျ အသုံးပြုသင့် သည်။
- အချိန်မီ သဘောတူညီချက်ရရေးကို မထိခိုက်စေဘဲ အရပ်ဖက် လူမှုရေး ကဏ္ဍမှလည်း ပါဝင်ခွင့်ရှိစေသည့် လုပ်ငန်းစဉ် ဒီဇိုင်းပုံစံ များကို သုံးသပ်ဖော်ထုတ်သင့်သည်။
- ငြိမ်းချမ်းရေးသဘောတူညီချက်အား အကောင်အထည်ဖော်သည့် အဆင့်တွင် အရပ်ဖက် လူမှုရေးကဏ္ဍမှ ပါဝင်မည့်ပုံစံအား ငြိမ်းချမ်ရေးသဘောတူညီချက်တွင် ရှင်းလင်းစွာ သတ်မှတ် ပြဋ္ဌာန်းထားရန် ပံ့ပိုးဆောင်ရွက်ရမည်။

© Berghof Foundation Operations GmbH 2020. All rights reserved.

# မာတိကာ


1 နိဒါန်း

2 ငြိမ်းချမ်းရေး လက်မှတ်မထိုးထားသော လက်နက်ကိုင်အဖွဲ့အစည်းများအား တဖြည်းဖြည်းချင်း တိုးမြှင့်ပါဝင်စေခြင်းမှာ လက်တွေ့မကျ သို့မဟုတ် သဘာဝမကျကပါ။

3 ကဏ္ဍအလိုက် အရပ်ဖက်လူမှုအဖွဲ့အစည်းများ တိုးမြှင့်ပါဝင်ခွင့်တွင် နေရာအကန့်အသတ်ရှိခြင်း

4 အကောင်အထည်ဖော်မှုနှေးကွေးခြင်းက တဖြည်းဖြည်းချင်း တိုးမြှင့်ပါဝင်ခွင့်အတွက် အတားအဆီးဖြစ်စေခြင်း

5 အချိန်ကာလသတ်မှတ်ခြင်း၏ အရေးကြီးပုံ

6 အားလုံးပါဝင်ခွင့်နှင့် ခိုင်လုံမှု

7 နိုင်ငံတကာ/ပြင်ပ/တတိယအဖွဲ့အစည်း ပါဝင်ပတ်သက်သူများအတွက် အဓိက အကြံပြုချက်များ

8 ကိုးကားစာရင်းနှင့် ထပ်မံလေ့လာဖတ်ရှုသင့်သည်များ


## ရေးသားပြုစုသူများအကြောင်း


**Dr Andreas Schädel** သည် လက်ရှိတွင် Berghof ဖောင်ဒေးရှင်း၏ ပဋိပက္ခ ပြောင်းလဲရေး သုတေသနဌာနတွင် စောင့်ကြည့်၊ အကဲဖြတ်၊ သင်ယူမှုဆိုင်ရာ အကြံပေးအဖြစ် ဆောင်ရွက်လျက်ရှိသည်။ Berghof အား မဝင်ရောက်မီ Andreas သည် ETH Zürich တွင် နိုင်ငံတကာ ပဋိပက္ခလေ့လာရေး သုတေသ (ICR) အဖွဲ့၌ ပါရဂူဘွဲ့လွန်နှင့် PhD ကျောင်းသားအဖြစ် တိုင်းရင်းသား ပဋိပက္ခများတွင် အာဏာခွဲဝေခြင်း၏ ထိရောက်မှုအား လေ့လာခဲ့ပါသည်။ ဤမတိုင်ခင်ကသူသည် ဂျီနီဗာမြို့တော်တွင် ကုလသမဂ္ဂဆိုင်ရာ ဆွစ်ဇာလန် သံအဖွဲ့၏ လက်နက်ဖြုတ်သိမ်းရေး ကဏ္ဍတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ပညာရေးနှင့် ငွေကြေးကဏ္ဍတွင် နေရာအများအပြား၌ လုပ်ကိုင်ခဲ့ပါသည်။ Andreas သည် ETH Zürich မှ နိုင်ငံတကာရေးရာနှင့် နှိုင်းယှဉ်လေ့လာမှုဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ရရှိထားပြီး ဇူးရစ် တက္ကသိုလ်နှင့် Institut d'Etudes Politiques de Bordeaux တို့မှ နိုင်ငံရေးသိပ္ပံနှင့် စီးပွားရေး ဝိဇ္ဇာဘွဲ့ရရှိထားပါသည်။

**Dr Véronique Dudouet** သည် လက်ရှိတွင် Berghof ဖောင်ဒေးရှင်း၏ ပဋိပက္ခ ပြောင်းလဲရေး သုတေသနဌာနတွင် အကြီးတန်း အကြံပေးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ သူမသည် ပဋိပက္ခအား ပြောင်းလဲဖြေရှင်းရေး လုပ်ငန်းစဉ်များတွင် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းမဖက်လှုပ်ရှားမှုများနှင့် နိုင်ငံတကာမှ ပါဝင်သူများ၏ အခန်းကဏ္ဍဆိုင်ရာ ပူးပေါင်းသုတေသန စီမံကိန်းအများအပြားကို ညှိနှိုင်းပေးလျက်ရှိသည်။ သူမသည် ပဋိပက္ခနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေးဆိုင်ရာ အကျိုးသက်ဆိုင်သူများ အတွက်/နှင့် တိုင်ပင်သုတေသနပြုခြင်း၊ မူဝါဒအကြံပေးခြင်း၊ ပညာရှင်ချင်း အကြံပြုခြင်းနှင့် သင်တန်း ဆွေးနွေးပွဲများ ပေးခြင်းတို့ကို ပုံမှန်ပြုလုပ်လျက်ရှိသည်။ သူမသည် ပဋိပက္ခာအား ပြောင်းလဲဖြေရှင်းခြင်းနှင့် အကြမ်းမဖက် အတိုက်အခံပြုခြင်း ကဏ္ဍများတွင် စာအုပ်နှစ်အုပ်အား တည်းဖြတ်ထုတ်ဝေခဲ့ပြီး စာစောင်များစွာ ရေးသားပုံနှိပ်ခဲ့သည်။ သူမသည် အင်္ဂလန်နိုင်ငံ Bradford တက္ကသိုလ်မှ ပဋိပက္ခ ဖြေရှင်းရေးဆိုင်ရာ မဟာဘွဲ့နှင့် ပါရဂူဘွဲ့များ ရရှိထားပြီး Institut d’Etudes Politiques de Toulouse (ပြင်သစ်) မှ နိုင်ငံတကာဆက်ဆံရေး ဒသနိကဗေဒမဟာဘွဲ့ ရရှိထားသည်။


## ကိုးကားချက်


Schädel၊ Andreas နှင့် Véronique Dudouet (2020). ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တဖြည်းဖြည်းချင်း တိုးမြှင့်ပါဝင်ခွင့် - တွေ့ရှိရသော အဓိကသင်ခန်းစာများ။ Berghof မူဝါဒ အကျဉ်းချုပ် 11၊ ဘာလင် - Berghof ဖောင်ဒေးရှင်း လုပ်ငန်းများ။ www.berghof-foundation.org/publications/policy-briefs/

စီမံကိန်းနှင့် သုတေသနစာတမ်းများအား အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးဌာန (United States Institute of Peace) ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ဖော်ဆောင်ပါသည်။


UNITED STATES INSTITUTE OF PEACE
Making Peace Possible


© Berghof Foundation Operations GmbH 2020. All rights reserved.

## 1. နိဒါန်း

နိုင်ငံရေး အပြောင်းအလဲများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် သက်ဆိုင်သူများ ကျယ်ပြန့်စွာ ပါဝင်ခွင့်နှင့် ကိုယ်စားပြုခွင့် ရှိသင့်ကြောင်းကို အများသဘောတူလက်ခံမှုမှာ တိုးပွားလာလျက်ရှိပါသည်။ တိုက်ရိုက် ပဋိပက္ခ ဖြစ်နေသော ပင်မ အဖွဲ့အစည်းများသာမက အခြားသော အစုအဖွဲ့များကိုပါဝင်စေခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ ပို၍ ရေရှည်တည်တံ့၊ တရားဝင်ခိုင်မာကာ တာဝန်ခံမှုရှိလာကြောင်း၊ အထူးသဖြင့် အစုအဖွဲ့များနှင့် အကျိုးစီးပွားများ မျိုးစုံ ပါဝင်ပတ်သက်နေသော သက်တမ်းရင့် ပြည်တွင်းစစ်များတွင် ပိုမို သိသာကြောင်း သက်သေသာဓကများ ရှိလာပြီ ဖြစ်ပါသည်။ ဤကဲ့သို့ အများသဘောတူလက်ခံလာမှုကို နိုင်ငံတကာ အသိုက်အဝန်းက လက်ခံမြှင့်တင်ထားသော ကမ္ဘာလုံးဆိုင်ရာ မူဝါဒ အစီအစဉ်များ (ဥပမာ ကုလသမဂ္ဂ ၂၀၃၀ ပြည့်နှစ် အစီအစဉ်၏ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင် နံပါတ် ၁၆၊ ထိရောက်စွာ ကြားဝင်စေ့စပ်ညှိနှိုင်းမှု ဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်ချက်များ)တွင် ထင်ဟပ်ပေါ်လွင်လာနေပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) ၏ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့် လူငယ်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ UNSC ဆုံးဖြတ်ချက်အမှတ် ၂၂၅၀ ကဲ့သို့သော အခွင့်အလမ်းနည်းပါးသည့် လူမှုရေးအစုအဖွဲ့များအား ပါဝင်စေရေး သီးခြားတောင်းဆိုမှုများတွင်လည်း ငြိမ်းချမ်းရေး ဖြစ်စဉ်များတွင် အားလုံးပါဝင်ခွင့်ရရေး ကိစ္စရပ်ကို ထည့်သွင်းထားပါသည်။

ဤစွန့်ဦးဆောင်ရွက်မှုများတွင် အားလုံးပါဝင်ခွင့်ရရေးအား အာရုံစိုက်လာခြင်းမှာ သဘောတရားရေးရာ အပြောင်းအလဲ သို့မဟုတ် အလှူရှင်များနှင့် နိုင်ငံတကာမှ ပါဝင်သူများ၏ လုပ်ငန်းအစီအစဉ် စံချိန်စံညွှန်း အပြောင်းအလဲ ကြောင့် ထွက်ပေါ်လာသော ရလဒ်သက်သက်မျှ မဟုတ်ပါ။ ၎င်းသည် ငြိမ်းချမ်းရေးနှင့် ကြားဝင်စေ့စပ်ညှိနှိုင်းရေး လုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ခွင့်ရရေးအပေါ် သုတေသနများ ပိုမိုပြုလုပ်လာရာမှ ရလာသော ခိုင်မာသည့် သာဓက၊ အထောက်အထားများအပေါ် အခြေခံပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များသည် အုပ်ချုပ်သူ အာဏာရှိ အစုအဖွဲ့များအကြားနှင့် နိုင်ငံသားများနှင့် နိုင်ငံတော်တို့အကြား လူမှုရေး သဘောတူညီချက် အသစ် ဖန်တီးခြင်းဖြင့် ပိုမိုလွှမ်းခြုံပါဝင်သော နိုင်ငံရေး ညှိနှိုင်းဖြေရှင်းမှုများ ရယူနိုင်မည့် အခွင့်အလမ်းတစ်ရပ်အဖြစ် ဤသုတေသနတွင် ရှုမြင်ထားပါသည်။ သို့သော် ပဋိပက္ခအား အဆုံးသတ်ရာတွင် အားလုံးပါဝင်ခွင့်ရရေးသည် အရေးပါသော အချက်တစ်ချက်ဖြစ်ကြောင်း ကျယ်ပြန့်စွာ လက်ခံသဘောတူလာကြသည့်တိုင် လေ့လာသူများ၊ အကောင်အထည်ဖော်သူများနှင့် မူဝါဒချမှတ်သူများအကြား မည်သည့် ပါဝင်မှုပုံစံသည် အရေးအကြီးဆုံးဖြစ်သည် ဆိုသည့်အပေါ် ရှုပ်ထွေးမှုများ၊ သဘောထားကွဲလွဲမှုများ ကြီးမားစွာ ရှိနေပါသေးသည်။ သက်တမ်းကြာရှည်နေသော လက်နက်ကိုင် ပဋိပက္ခများအတွက် လက်ရှိတွင်ပင် ရှုပ်ထွေးနေနှင့်ပြီးသော ဆွေးနွေးမှုများအား ပိုမိုမရှုပ်ထွေးစေဘဲ၊ သဘောတူညီမှု တစ်ခု ရလာနိုင်ခြေအားလည်း မထိခိုက်စေဘဲ တရားဝင်ခိုင်လုံ၍ ရေရှည်တည်တံ့သော အဖြေများ ထွက်ပေါ်လာစေရန် မည်သူများအား ပါဝင်စေသင့်သည်၊ မည်သည့်အချိန်ကို ရွေးသင့်သည်၊ မည်သည့်အစီအစဉ်ဖြင့် သွားသင့်သည် ဆိုသည်တို့အပေါ်ကွဲလွဲမှုများ သိသိသာသာ ပေါ်ပေါက်နေပါသည်။

ဤသဘောထားကွဲလွဲငြင်းခုန်မှုအား ပိုမိုရှင်းနားလည်စေရန်နှင့် အားလုံးပါဝင်သော်လည်း ထိရောက်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား မည်သို့ ဒီဇိုင်းရေးဆွဲ၊ အကောင်အထည်ဖော်သင့်ပုံအား အချက်အလက်များအခြေခံ၍ ပိုမို နားလည်လာစေရန် ကျွန်ုပ်တို့သည် ကိုလံဘီယာ၊ မာလီ၊ အာဖဂန်နစ္စတန်နှင့် မြန်မာနိုင်ငံများတွင် မကြာမီက ဆောင်ရွက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ "တဖြည်းဖြည်းချင်း တိုးမြှင့်ပါဝင်ခွင့်" ယန္တရားများအား နှိုင်းယှဉ် ဆန်းစစ်လေ့လာမှု ပြုလုပ်ခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးဌာန (USIP) ၏ ရန်ပုံငွေ ပံ့ပိုးမှုနှင့်အတူ လေ့လာသည့် ငြိမ်းချမ်းရေး (တည်ဆောက်မှု) လုပ်ငန်းစဉ်များအား အတွင်းကျကျ နားလည်ကာ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် ချိတ်ဆက်မေးမြန်းခွင့် ရရှိထားသော

ဌာနေသုတေသနမိတ်ဖက်ပညာရှင် လေးဦး[1] တို့၏ ပူးပေါင်းမှုဖြင့် ကျွန်ုပ်တို့သည် အောက်ပါ ငြိမ်းချမ်းရေး သဘောတူညီချက်များအား လေ့လာခဲ့ပါသည်။ ဤငြိမ်းချမ်းရေး သဘောတူညီချက်များတွင် အခွင့်အလမ်းများစူးစမ်းမှု၊ ဆွေးနွေးညှိနှိုင်းမှု၊ ပြဌာန်းအတည်ပြုမှုနှင့် အကောင်အထည်ဖော်မှု အဆင့်များတွင် ငြိမ်းချမ်းရေး လက်မှတ်မထိုးထားသော လက်နက်ကိုင် အဖွဲ့အစည်းများနှင့် လူမှုရေးကဏ္ဍမှ အစုအဖွဲ့များ၏ ပါဝင်မှု (သို့မဟုတ် ဖယ်ကျဉ်မှု) အတွက် အချိန်သတ်မှတ်မှုများနှင့် ဖော်ဆောင်မှုပုံစံများသည် ၎င်းငြိမ်းချမ်းရေး သဘောတူညီချက်များ၏ အရည်အသွေးနှင့် အကောင်အထည်ဖော်နိုင်စွမ်းတို့အပေါ် မည်မျှ အတိုင်း အတာထိ သက်ရောက်မှုရှိသည်ကို လေ့လာခဲ့ပါသည် -

- မာလီအစိုးရနှင့် လက်နက်ကိုင် တပ်ပေါင်းစုနှစ်ခု (အစိုးရ ထောက်ခံသူအဖွဲ့နှင့် အတိုက်အခံအဖွဲ့) တို့အကြား ရေးထိုးသော **ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး အယ်ဂျီးယား သဘောတူစာချုပ်** (၂၀၁၅ ဇွန်)၊
- မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့တို့အကြား ရေးထိုးသော **တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်** (၂၀၁၅ အောက်တိုဘာ)၊
- ကိုလံဘီယာအစိုးရနှင့် FARC ပြောက်ကျားအဖွဲ့ တို့အကြား ရေးထိုးသော **ဟားဗားနား ငြိမ်းချမ်းရေး သဘောတူစာချုပ်** (၂၀၁၆ နိုဝင်ဘာ)၊
- အာဖဂန်နစ္စတန် အစိုးရနှင့် Hezb-i-Islami လက်နက်ကိုင်အဖွဲ့တို့ အကြားရေးထိုးသော **ကဘူး သဘောတူညီချက်** (၂၀၁၆ စက်တင်ဘာ)

ဤနိုင်ငံလေးခုလုံးသည် သဘောတူညီလိုက်သော ကတိကဝတ်များ ပြဌာန်းအတည်ပြုခြင်း (ဥပမာ လက်မှတ် ထိုးထားသော သဘောတူညီချက်များအား နိုင်ငံတော် ဥပဒေများတွင် ထည့်သွင်းပြဌာန်းခြင်း) အဆင့်နှင့် အကောင်အထည်ဖော်ခြင်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကာ တဖြည်းဖြည်းချင်း တိုးမြှင့်ပါဝင်စေခွင့် အခြေခံမှုကို ၁) အလျားလိုက် တိုးမြှင့်ဖြန့်ကျက်၍ အခြား လက်နက်ကိုင်အဖွဲ့များအား ပါဝင်စေခြင်း (ဥပမာ ကိုလံဘီယာနိုင်ငံတွင် ELN အဖွဲ့၊ မာလီနိုင်ငံတွင် အစွန်းလမ်းမစ် လက်နက်ကိုင် အဖွဲ့များ၊ မြန်မာနိုင်ငံတွင် အပစ်ရပ် လက်မှတ်မထိုးရသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ အာဖဂန်နစ္စတန်တွင် တာလီဘန်) နှင့် ၂) ဒေါင်လိုက် တိုးမြှင့်ဖြန့်ကျက်ကာ လူမှုအဖွဲ့အစည်းမှ သက်ဆိုင်သူများအား စနစ်အပြောင်းအလဲများနှင့် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ် ယန္တရားများအား ပုံဖော်ရာတွင် ပါဝင်စေခြင်း စသည့် ကြိုးစားမှုများမှတဆင့် - အတိုင်းအတာ အမျိုးမျိုးဖြင့် - စမ်းသပ်ဆောင်ရွက်လျက် ရှိသည်။

ဤမူဝါဒအကျဉ်းချုပ်တွင် ကျယ်ပြန့်သော သုတေသနအစီရင်ခံစာ (Schädel and Dudouet 2020) တွင် စုစည်းထားသော တွေ့ရှိချက်များအား ခြုံငုံဖော်ပြထားပါသည်။ အစီရင်ခံစာတွင် ပါဝင်သော အချက်အလက်များကို ကျွန်ုပ်တို့၏ ဌာနေမိတ်ဖက်သုတေသီများက ၂၀၁၉ ခုနှစ် မေလမှ အောက်တိုဘာလအတွင်း ၁) ဆွေးနွေးညှိနှိုင်းသူများ၊ ကြားဝင်စေ့စပ်သူများနှင့် ကျွမ်းကျင်သူများနည်းတူ ငြိမ်းချမ်းရေးလက်မှတ်မထိုးရသေးသော လက်နက်ကိုင်အဖွဲ့များနှင့် အခြေခံအရပ်ဖက်လူမှု လှုပ်ရှားမှုများမှ ကိုယ်စားလှယ်များအား အင်တာဗျူးမေးမြန်းခြင်းနှင့် ရည်ညွှန်းအုပ်စုဖွဲ့ ဆွေးနွေးခြင်း (focus group discussions)၊ ၂) နိုင်ငံရေးအရ ညှိနှိုင်းဖြေရှင်းသဘောတူညီချက်များအား ဆွေးနွေးခြင်း၊ ပြဌာန်းအတည်ပြုခြင်းနှင့် အကောင်ထည်ဖော်ခြင်းဆိုင်ရာ အဓိက စာရွက်စာတမ်းများအား လေ့လာ ဆန်းစစ်ခြင်း၊ ၃) လက်ရှိအကောင်အထည်ဖော်နေမှုများ၊ နောက်ဆက်တွဲ ဆွေးနွေးမှုများ၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း ကဏ္ဍများတွင် ပါဝင်စောင့်ကြည့်ခြင်း နည်းလမ်းများဖြင့် ကောက်ယူထားပါသည်။

[1] Mery Rodriguez (ကိုလံဘီယာ), Dr. Bréma Ely Dicko (မာလီ), ဒေါက်တာ စိုင်းဦး (မြန်မာ), and Farhadullah Farhad (အာဖဂန်နစ္စတန်).

## 2. ငြိမ်းချမ်းရေး လက်မှတ်မထိုးထားသော လက်နက်ကိုင်အဖွဲ့များ (NSAG) များအား တဖြည်းဖြည်းချင်း တိုးမြှင့်ပါဝင်စေခြင်းမှာ လက်တွေ့မကျ သို့မဟုတ် သဘာဝမကျပါ။

နမူနာဖြစ်ရပ်လေ့လာမှု လေးရပ်လုံးတွင် အစိုးရများ နှင့်/သို့မဟုတ် ငြိမ်းချမ်းရေး ဖြစ်စဉ်အား ပြည်ပမှ ထောက်ပံ့သူများသည် တစ်ဆင့်ချင်းသွားသည့် အဆင့်လိုက် မဟာဗျူဟာကို ကျင့်သုံးခဲ့ပြီး လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့နှင့် ငြိမ်းချမ်းရေး စတင်ဆွေးနွေးကာ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် အခြား ပြိုင်ဘက်အဖွဲ့တစ်ဖွဲ့အားလည်း အပြိုင် (သို့မဟုတ် နောက်ဆက်တွဲ) ဆွေးနွေးမှု လမ်းကြောင်းဖွင့်လာရန် ဆွဲဆောင်နိုင်မည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့သော် မြန်မာနိုင်ငံနှင့် မာလီနိုင်ငံတို့တွင် ထိုသို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်နေစဉ်အတွင်း အခြားလက်နက်ကိုင်အဖွဲ့များ ပါဝင်လာနိုင်ရန် "တံခါးဖွင့်ထားပေးခြင်း" နည်းလမ်းမှာ ငြိမ်းချမ်းရေး လက်မှတ်မထိုးရသေးသည့် လက်နက်ကိုင် အဖွဲ့ငယ်များအတွက် အတိုင်းအတာ တစ်ခုထိသာ အောင်မြင်ခဲ့သည်။ ၎င်းတို့မပါဝင်မီ သဘောတူညီချက်များ ရရှိပြီးထားပြီးမှ ဆွေးနွေးပွဲသို့ ဝင်လာရသည့် ဤ "နောက်ကျမှဝင်လာသူများ" အတွက် နောက်ကျမှ ပါဝင်ရခြင်းမှာ အခွင့်အရေး တန်းတူဖြင့် ပါဝင်လာရခြင်းမဟုတ်ဘဲ သဘောတူညီချက်ရပြီးနောက်ပိုင်း ဆက်လက်ဆွေးနွေးမှု ယန္တရားများ (ဥပမာ အကောင်အထည် ဖော်မှုအား ကြီးကြပ်သည့်အဖွဲ့များ)တွင် ထိရောက်စွာပါဝင်ခွင့် နှင့် ဆုံးဖြတ်ချက်ချမှတ်ရာ၌ စစ်မှန်သော အရေးဆိုခွင့်ရှိရေးတို့တွင် အကန့်အသတ်ဖြစ်လာစေသည်။

ထို့ကြောင့် ငြိမ်းချမ်းရေးလက်မှတ်မထိုးထားသော လက်နက်ကိုင်အဖွဲ့များအား တဖြည်းဖြည်းချင်း တိုးမြှင့်ပါဝင်စေ သည့် နည်းလမ်းမှာ လက်တွေ့မကျ သို့မဟုတ် သဘာဝမကျပါ။ ဤအချက်မှာ အထူးသဖြင့် ပိုမိုအင်အားကြီးသော အဖွဲ့အစည်းများ၏ ပါဝင်မှုအတွက် ပို၍ မှန်ကန်ပြီး ယင်းအဖွဲ့အစည်းများသည် ၎င်းတို့၏ ရည်မှန်းချက်ကြီးသော တောင်းဆိုမှုများအား လိုက်လျောနိုင်လောက်အောင် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ဆွဲဆောင်မှု မကောင်းသောကြောင့် သဘောတူညီချက်တွင် မပါဝင်ဘဲ ထွက်နေခြင်း (ကိုလံဘီယာနိုင်ငံမှ ELN အဖွဲ့)၊ သို့မဟုတ် စစ်မြေပြင်တွင် အရေးသာနေသောကြောင့် မိမိတို့၏ ရည်မှန်းချက်များကို လက်နက်ကိုင်နည်းလမ်းဖြင့် ရယူသွားနိုင်သည်ဟု ယုံကြည်ထားခြင်း (အာဖဂန်နစ္စတန်နိုင်ငံမှ တာလီဘန်) သို့မဟုတ် အစိုးရနှင့် ကြားဝင်ညှိနှိုင်းသူများက "မျဉ်းနီး" များနှင့် ကနဦးသတ်မှတ်ချက်များ ချမှတ်၍ ဆွေးနွေးပွဲစကာဝိုင်းမှ ဖယ်ကျဉ်ခြင်း ခံထားရခြင်း (မာလီနိုင်ငံမှ Salafi Jihadi) စသဖြင့် အခြေအနေအမျိုးမျိုး ရှိနေပါသည်။

## 3. ကဏ္ဍအလိုက် အရပ်ဖက်လူမှုအဖွဲ့အစည်းများ တိုးမြှင့်ပါဝင်ခွင့်တွင် နေရာအကန့်အသတ်ရှိခြင်း

တဖြည်းဖြည်းချင်း တိုးမြှင့်ပါဝင်ခွင့်မှာ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSO) များ သို့မဟုတ် လူမှုရေး လှုပ်ရှားမှုများ အတွက် အနည်းငယ် ပိုမို ထင်သာမြင်သာရှိပြီး အထူးသဖြင့် ကိုလံဘီယာနှင့် မာလီ နိုင်ငံများတွင် တရားဝင် ငြိမ်းချမ်းရေး ဆွေးနွေးမှုများနှင့် သဘောတူညီချက်ရပြီးနောက်ပိုင်း အဆင့်များတွင် သဘောတူညီချက်၏ ကြီးမားသော နယ်ပယ် အတိုင်းအတာအား အကြောင်းအရာအလိုက် ချဲ့ထွင်ခြင်းများနှင့်အတူ ပါဝင်ဆွေးနွေးခွင့်ရသူ အတိုင်းအတာ (အမျိုးသမီးနှင့် LGBTIများ၊ ထိခိုက်နစ်နာသူများ၊ လူနည်းစုတိုင်းရင်းသားများ) မှာ ပိုမိုကျယ်ပြန့်လာပါသည်။ ဤအချက်ကို အရပ်ဖက်လူမှု အဖွဲ့အစည်း ကိုယ်စားလှယ်အဖွဲ့များ အကြိမ်ကြိမ် ဟာဗားနားမြို့သို့ လာရောက်လေ့လာခွင့်ရခြင်းနှင့် မာလီနိုင်ငံတွင် ကျယ်ပြန့်သော အမျိုးသား နားလည်ရေးဆိုင်ရာ ညီလာခံ (CEN) ကျင်းပခြင်းတို့တွင် အထူးမြင်နိုင်ပါသည်။ ဤသို့ အရပ်ဖက်ကိုယ်စားလှယ်များ ပါဝင်ခွင့်ရခြင်းမှာ ဤအဖွဲ့များ၏ စောစီးစွာ စည်းရုံးလှုပ်ရှားခဲ့မှုနှင့်အတူ ပြင်ပမှ သက်ဆိုင်သူများကလည်း အများပါဝင်ခွင့်အတွက်

တွန်းအားပေးခြင်း၊ ဥပမာ ဆွေးနွေးပွဲများ မကျင်းပမီ၊ ကျင်းပစဉ်နှင့် ကျင်းပပြီးနောက်တွင် လူမှုရေးအဖွဲ့အစည်းများအား တက်ရောက်ရန် ဖိတ်ကြားခြင်းကဲ့သို့ ဆောင်ရွက်မှုများကြောင့် ဖြစ်ပါသည်။

သို့သော် လေ့လာထားသည့် ဖြစ်စဉ်လေးခုလုံးတွင် အရပ်ဖက်မှ ပါဝင်ခွင့်မှာ စံအဖြစ် ထည့်သွင်း ဆောင်ရွက်ခြင်းထက် ခြွင်းချက်အဖြစ်ဆောင်ရွက်သည့် သဘော ပို၍ သက်ရောက်နေသည်။ အာဖဂန် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အရပ်ဖက်လူမှုရေးကဏ္ဍမှ ပါဝင်ခွင့် သို့မဟုတ် ဆွေးနွေးတိုင်ပင်ခွင့် ရရန် မည်သည့် ယန္တရားမျှ မရှိခဲ့ပါ။ မြန်မာနိုင်ငံတွင်လည်း အရပ်ဖက်မှ အပေါ်ယံ ပါဝင်မှုသာ ရှိခဲ့ပြီး အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ရန်နှင့် နိုင်ငံရေး ဆွေးနွေးပွဲ ယန္တရားများတွင် အရပ်ဖက်မှ ပါဝင်နိုင်ခွင့်အလားအလာ ပြထားသော်လည်း အမှန်တကယ် ဆုံးဖြတ်ချက်ချသည့် အဖွဲ့များတွင်မူ ထိပ်ပိုင်းခေါင်းဆောင်များ (အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အချို့) သာ ချုပ်ကိုင်ထားပြီး အရပ်ဖက်လူမှုအဖွဲ့များမှ ပါဝင်ခွင့်ကို ကန့်သတ်ထားခြင်း စသည့် သိသာသော ကျိုးကြောင်းမညီညွတ်မှုများ ရှိနေသည်။ ဆွေးနွေးပွဲစားပွဲဝိုင်းတွင် သို့မဟုတ် ထိပ်သီး ညှိနှိုင်းမှု လုပ်ငန်းစဉ်များတွင် အရပ်ဖက်လူမှုကိုယ်စားလှယ်များ နေရာမရခြင်းမှာ လုပ်ငန်းစဉ် လွယ်ကူအဆင်ပြေရေး အကြောင်းရင်းများကြောင့် အဓိကဖြစ်ပြီး ဆွေးနွေးပွဲတွင်ပါဝင်သည့် အဖွဲ့များ (သို့မဟုတ် တတိယအဖွဲ့များ) က လုပ်ငန်းစဉ်ကို အမြန်ဆောင်ရွက်ကာ ထိရောက်မှု အမြင့်ဆုံးပုံစံဖြင့် သွားလိုခြင်း သို့မဟုတ် CSO များကလည်း မိမိတို့၏ ကျွမ်းကျင်မှုနှင့် ခိုင်လုံမှုကို ကောင်းစွာမပြနိုင်ခြင်း၊ CSO အဖွဲ့များ အားလုံး တစ်သံတည်း၊ တစ်ညီတည်း မဆွေးနွေးနိုင်ခြင်း၊ ၎င်းတို့၏ အသံအား နားထောင်လာရန် သို့မဟုတ် အရေးပါသော ပါဝင်ပတ်သက်သူများအဖြစ် အရေးတယူပြုခြင်း ခံရအောင် လုံလောက်စွာ မစွမ်းဆောင်နိုင်ခြင်း စသည်တို့ကြောင့် ဖြစ်သည်။ အခြား သက်ရောက်သော အကြောင်းရင်းများမှာ မြန်မာနိုင်ငံနှင့် ကိုလံဘီယာနိုင်ငံများကဲ့သို့ ရွေးကောက်ပွဲ စက်ဝန်းများ တစ်ကြော့ပြန်လည်လာခြင်းကြောင့် လူမှုရေးကဏ္ဍမှ ပါဝင်ခွင့်ကို ကန့်သတ်လာခြင်းနှင့် ပြင်ပမှ ပါဝင်ပတ်သက်သူများကလည်း ပါဝင်ခွင့်ကို ရွေးချယ်ပေးအပ်သည့် အလေ့အထများ ကျင့်သုံးခြင်း စသည်တို့ ဖြစ်ပါသည်။

## 4. အကောင်အထည်ဖော်မှု နှေးကွေးခြင်းက တဖြည်းဖြည်းချင်း တိုးမြှင့်ပါဝင်ခွင့်အတွက် အတားအဆီးဖြစ်စေခြင်း

နမူနာဖြစ်စဉ် လေးခုအား လေ့လာချက်အရ ထပ်မံတွေ့ရှိရသည်မှာ ငြိမ်းချမ်းရေး လက်မှတ်မထိုးရသေးသည့် လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်လက်ဆွေးနွေးရန် သို့မဟုတ် အပြိုင်ဆွေးနွေးရန် အလားအလာမှာ ငြိမ်းချမ်းရေး သဘောတူညီချက်များအား အကောင်အထည်ဖော်မှုအဆင့်နှင့် အထူးချိတ်ဆက်သက်ဆိုင်နေသည် ဆိုသည့် အချက် ဖြစ်ပါသည်။ ကိုလံဘီယာနိုင်ငံတွင် အကောင်အထည်ဖော်မှု နှေးကွေးခြင်းနှင့် နောက်ပြန်ဆုတ်သွားခြင်း (ဥပမာ ယခင်က လက်နက်ကိုင် တိုက်ပွဲဝင်ခဲ့သူများနှင့် လူမှုရေး ခေါင်းဆောင်များအား အများအပြား သတ်ဖြတ်ခြင်း) နှင့် ဆွေးနွေးပွဲများ ရှေ့မဆက်ရန် ကန့်ကွက်နေသော အာဏာရလာသူ အသစ်များက ရှေ့တန်းရောက်လာခြင်းကြောင့် ငြိမ်းချမ်းရေးအား ထိရောက်စွာ ကူးပြောင်းဖန်တီးနိုင်ခြေအပေါ် ငြိမ်းချမ်းရေး လက်မှတ်မထိုးထားသော အဓိက အတိုက်အခံအဖွဲ့အစည်း ELN မှ သံသယရှိလာပြီး ၎င်းတို့နှင့် အစိုးရ၏ အပြိုင်ဆွေးနွေးမှု လုပ်ငန်းစဉ်မှာ အရှိန်နှေးကွေးလာသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် အစဉ်အလာအရ အာဏာကို ဆုပ်ကိုင်ထားသော ထိပ်သီးသြဇာရှိသူများက ငြိမ်းချမ်းရေး အကောင်အထည်ဖော်မှုကို နှေးကွေးစေရန်နှင့် Hezb-e Islami အား အစိုးရ လက်နက်ကိုင်အဖွဲ့များအတွင်း ပေါင်းစည်းရေးနှင့် နိုင်ငံရေးအရ စုစည်းထူထောင်ရေးတို့အား ကန့်သတ်ပိတ်ပင်ရန် ကြိုးပမ်းမှုများကြောင့် ငြိမ်းချမ်းရေး သဘောတူညီချက်အား ယိုင်နဲ့စေရုံသာမက အာဖဂန်အစိုးရအပေါ် တာလီဘန်၏ သံသယကို တိုးပွားစေပြီး အမေရိကန်အစိုးရနှင့်သာ တိုက်ရိုက်ညှိနှိုင်းလိုသည့် တာလီဘန်၏ ဆန္ဒကိုလည်း တွန်းအားပေးလျက်ရှိသည်။

အလားတူအကြောင်းရင်းများအရပင် မြန်မာနိုင်ငံတွင်လည်း အပစ်ရပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) မှတဆင့် မိမိတို့၏ နိုင်ငံရေး ဦးတည်ချက်များကို အောင်မြင်စွာ ရှေ့ဆက် ဖော်ဆောင်နိုင်ခြင်း မရှိသည်ကို အပစ်ရပ် လက်မှတ် မထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက စောင့်ကြည့်သုံးသပ်နေသည့်အတွက် လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံး တဖြည်းဖြည်းချင်း တိုးမြှင့်ပါဝင်လာရေးမှာ ခက်ခဲနေသည်။ အာဖဂန်ဥပမာကဲ့သို့ပင် တိုးတက်မှုများမှာ တန့်နေသည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုနှင့် အစိုးရ၏ ကတိကဝတ်များအား ယုံကြည်မှုမှာ ကျဆင်းလာလျက်ရှိပြီး ၂၀၁၉ ခုနှစ်တွင် ကရင်အမျိုးသားအစည်းအရုံး တရားဝင်လုပ်ငန်းစဉ်မှ နုတ်ထွက်သွားခြင်းမှာ အသိသာဆုံး ထင်ဟပ်မှုပင်ဖြစ်ပါသည်။

## 5. အချိန်ကာလသတ်မှတ်ခြင်း၏ အရေးကြီးပုံ

ကျွန်ုပ်တို့၏ သုတေသနအရ ဆွေးနွေးပွဲသို့ နောက်ကျမှ ပါဝင်လာခြင်းသည် အနုတ်သဘော သက်ရောက်မှု နှစ်မျိုး ရှိစေကြောင်း တွေ့ရှိရပါသည်။ တစ်ဖက်တွင် အစောပိုင်း ဆွေးနွေးပွဲများတွင် ပါဝင်ခွင့်မရခဲ့သော အရပ်ဖက်လူမှုရေး ကဏ္ဍမှ သက်ဆိုင်သူများသည် လုပ်ငန်းစဉ်တွင် အားစိုက်ပါဝင်မှုနည်းနိုင်သည့်အပြင် အကောင်အထည်ဖော်မှုအား ဆန့်ကျင်နိုင်ခြေလည်း မြင့်မားပါသည်။ ဆွေးနွေးမှုစားပွဲဝိုင်းတွင် တိုက်ရိုက် ပါဝင်ခွင့်မရှိလျှင် သို့မဟုတ် ဆွေးနွေးမှု အဆင့်တွင် အပြိုင် ဆွေးနွေးတိုင်ပင်သည့်ပုံစံဖြင့် ဆောင်ရွက်လျှင် လုပ်ငန်းစဉ်အတွင်း ယုံကြည်သက်ဝင်မှု၊ နားလည်မှုနှင့် ကိုယ်ချင်းစာမှုတို့ ရှိနိုင်ရန် ခက်ခဲပါသည်။ မာလီနိုင်ငံတွင် ငြိမ်းချမ်းရေး လက်မှတ်ထိုးရန် ဆွေးနွေးသည့်အဖါ့များမှာ နိုင်ငံတကာကြားဝင်စေ့စပ်ညှိနှိုင်းရေး အဖွဲ့၏ ဖိအားကြောင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အလျင်မြန်ဆောင်ရွက်၍ သဘောတူညီမှု ရယူလိုက်ရကာ အတိုက်အခံအဖွဲ့များ၊ ပါတီများနှင့် အရပ်ဖက်လူမှုအဖွဲ့များအား ထည့်သွင်း တိုင်ပင်ချိန် မရှိခဲ့ပါ။ ပိုမိုကျယ်ပြန့်စွာ ပါဝင်သည့် နည်းလမ်းအစား အလောတကြီးဆောင်ရွက်ခဲ့ရခြင်းကြောင့် “အသံတိတ် လူများစု” အား ဖယ်ကျဉ်ခဲ့ရာရောက်ကာ နိုင်ငံတောင်ပိုင်း/Bmako ဒေသတွင် ငြိမ်းချမ်းရေး သဘောတူညီချက်များကို ဖော်ဆောင်ရာ၌ သြဇာရှိ အထက်တန်းလွှာများနှင့် သာမန်ပြည်သူများ နှစ်ရပ်လုံးပါဝင်သော လူထု၏ ဆန့်ကျင်မှုကို ကြုံရပါသည်။

အခြားတစ်ဖက်တွင်လည်း အရပ်ဖက်လူမှုအဖွဲ့များအား နောက်ကျမှ ပါဝင်စေခြင်းကြောင့် ၎င်းတို့ ပါဝင်ဆွေးနွေးခွင့် မရခဲ့သည့် သဘောတူညီချက်အား အကောင်အထည်ဖော်ရာတွင် ၎င်းတို့ ထိရောက်စွာ ပါဝင်ရန် တွန်းအားပေးနိုင်မှု နည်းပါးစေပါသည်။ မူဝါဒချမှတ်ခြင်းတွင် တိုက်ရိုက်ပါဝင်ရန် အခွင့်အလမ်းများမှာ အထူးသဖြင့် ကဏ္ဍအလိုက် ကော်မရှင်များ (ဥပမာ ကျား/မ တန်းတူညီမျှရေး၊ ပြန်လည်သင့်မြတ်ရေး၊ အပြောင်းအလဲကာလ တရားမျှတမှု) မှတဆင့် အကောင်အထည်ဖော်သည့်အဆင့်တွင် ထွက်ပေါ်လာသော်လည်း ပါဝင်မှုဆိုင်ရာ သတ်မှတ်ချက်များမှာ ဆွေးနွေးညှိနှိုင်းသည့်အဆင့် မှာပင် ရေးဆွဲသတ်မှတ်ရခြင်း ဖြစ်ပါသည်။ ဆွေးနွေးညှိနှိုင်းသည့် အဆင့်နှင့် သဘောတူညီချက်အား ရေးဆွဲအတည်ပြုသည့်အဆင့်တွင် အရပ်ဖက်လူမှုရေးကဏ္ဍမှ စစ်မှန်စွာ ပါဝင်ခွင့်မရခဲ့ပါက အကောင်အထည်ဖော်သည့် အဆင့်တွင် ထိုအရပ်ဖက် ပါဝင်သူများ၏ အခန်းကဏ္ဍနှင့် ပါဝင်မှုပုံစံမှာ တိတိကျကျ မသတ်မှတ်ထားနိုင်ဘဲ၊ ဝေဝါးသော အသုံးအနှုန်းဖြင့်သာ ဖော်ပြထားမည်ဖြစ်သည့်အတွက် အကောင်အထည်ဖော်ရာတွင် ထိရောက်စွာ ပါဝင်နိုင်ရန် ခက်ခဲပြီး နောက်ပိုင်းအဆင့်တွင် ပိုမိုကျယ်ပြန့်စွာ ပါဝင်ခွင့်ရရေးအား အဟန့်အတား ဖြစ်စေပါသည်။

## 6. အားလုံးပါဝင်ခွင့်နှင့် တရားဝင်ခိုင်မာမှု

အာဖဂန်နစ္စတန်နိုင်ငံတွင် ဆွေးနွေးပွဲများ၌ CSO များကို ထည့်သွင်းခြင်း မရှိခဲ့သောကြောင့် လုပ်ငန်းစဉ်ကို အချိန်ပို၍ မြန်ဆန်စွာ ဆောင်ရွက်နိုင်ခဲ့သော်လည်း ကိုလံဘီယာနိုင်ငံတွင် CSO များကို ပါဝင်ခွင့်ပြုခဲ့ခြင်းကြောင့် လုပ်ငန်းစဉ် အချိန် ပိုမို ကြာမြင့်ခဲ့သည့်တိုင် ၎င်း၏ တရားဝင်ခိုင်လုံမှုကို အားကောင်းစေ၍ ပိုမိုရေရှည်တည်တံ့နိုင်စေခဲ့သည်။ ဥပမာအားဖြင့် ကိုလံဘီယာနိုင်ငံ၏ အကူးအပြောင်းကာလ တရားမျှတမှုတွင် ကိုယ်စားပြုပါဝင်ခွင့် ဒီဇိုင်းပုံစံသည် ပဋိပက္ခတွင်း ထိခိုက်နစ်နာသူများအတွက် ပါဝင်ခွင့်ရသည်ဆိုသော အသိကို ဖန်တီးပေးခဲ့ပြီး ၎င်းတို့အား ငြိမ်းချမ်းရေး သဘောတူညီချက်နှင့် အကောင်အထည်ဖော်မှုကို ထောက်ခံသည့် မဟာမိတ်များအဖြစ် ပြောင်းလဲပေးနိုင်ခဲ့သည်။ ထိခိုက်နစ်နာခဲ့သူများကို ဆွေးနွေးမှုစားပွဲဝိုင်းတွင် တိုက်ရိုက်ပါဝင်ခွင့်ပေးခြင်းသည် လုပ်ငန်းစဉ်ကို ပိုမိုကြာမြင့် ရှုပ်ထွေးစေသော်လည်း လုပ်ငန်းစဉ်၏ ခိုင်လုံမှုနှင့် အယုံကြည်ခံရမှု တိုးတက်စေရန်အတွက် ၎င်းသည် အထိရောက်ဆုံး နည်းလမ်း ဖြစ်ပါသည်။

ကျယ်ပြန့်စွာ ပါဝင်ခွင့်ပြုခြင်းဖြင့် လုပ်ငန်းစဉ်ကို ပိုမိုတရားဝင်ခိုင်လုံစေသည်ဆိုသည့် အချက်ကို ပါဝင်ခွင့် လုံလောက်စွာ မရှိသည့် အခြေအနေတွင်လည်း မြင်နိုင်ပါသည်။ အဖွဲ့အစည်း၊ စနစ်များ၏ ချိတ်ဆက်မှုလမ်းကြောင်း များတွင် အရပ်ဖက် လူမှုအဖွဲ့များအား ပါဝင်ဆွေးနွေးရန်၊ ထည့်သွင်းစဉ်းစားရန် လုံလောက်စွာ နေရာမပေးပါက မာလီ၊ အာဖဂန်နစ္စတန်နှင့် ကိုလံဘီယာနိုင်ငံများတွင် ဖြစ်ပွားသကဲ့သို့ လုပ်ငန်းစဉ်၏ ခိုင်လုံတရားဝင်မှု မရှိသည့် အချက်ကို အစိုးရစနစ်ပြင်ပမှ လူထုကြီးက မကြာခဏ ကန့်ကွက်ဆန္ဒပြမှုများ ပေါ်ပေါက်လာမည်ဖြစ်သည်။ ဤသို့ တရားဝင်ခိုင်လုံမှု မရှိကြောင်း ပြည်သူလူထု၏ အမြင်သည် ကိုလံဘီယာ ငြိမ်းချမ်းရေး သဘောတူညီချက် လူထုဆန္ဒခံယူပွဲတွင် ကြီးမားစွာ သက်ရောက်ခဲ့သည်။ ငြိမ်းချမ်းရေး သဘောတူစာချုပ်ပါ အကြောင်းအရာများကို လူထုထံ အသိပေးကြေညာခြင်း လုပ်ငန်းစဉ် ဆောင်ရွက်မှု နောက်ကျခြင်းနှင့် ရှေးရိုးစွဲ အသိုက်အဝန်းများနှင့် ခရစ်ယန် evangelical ဘုရားကျောင်းများကဲ့သို့ အရေးပါသော သက်ဆိုင်သူများ၏ အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ထိုအစုအဖွဲ့များ၏ ဆန့်ကျင်ကန့်ကွက်မှုကို ခံရပြီး အဆုံးသတ်တွင် လူထုဆန္ဒခံယူပွဲ၌ "ကန့်ကွက်ကြောင်း" ရလဒ်ထွက်ပေါ်လာပြီး ၂၀၁၈ ခုနှစ် သမ္မတရွေးကောက်ပွဲများတွင် အာဏာရပါတီ ရှုံးနိမ့်ခဲ့ရသည်။

## 7. နိုင်ငံတကာ အကူအညီများအတွက် အဓိက အကြံပြုချက်များ

**သင်ခန်းစာ ၁** - နိုင်ငံတကာ ငြိမ်းချမ်းရေး (တည်ဆောက်မှု) ပံ့ပိုးရေး အဖွဲ့အစည်းများသည် အားလုံးပါဝင်ခွင့်အား အဓိက ထောက်ခံ၊ ပံ့ပိုးသူများ ဖြစ်ရာ ပဋိပက္ခစနစ်တစ်ခုတွင် ဝင်ရောက်မဆောင်ရွက်မီ မိမိတို့၏ နောက်ခံအခြေအနေ သိနားလည်မှုနှင့် ကျွမ်းကျင်မှုကို မြှင့်တင်သင့်ပါသည်။ ၎င်းတို့သည် **သက်ဆိုင်ရာ (ပါဝင်ခွင့်ရသူနှင့် မရသူ) အကျိုးသက်ဆိုင်သူများ**နှင့် ၎င်းတို့၏ အကျိုးစီးပွားများကို ဂရုတစိုက် **ပုံမှန် လေ့လာဆန်းစစ်မှု** ပြုလုပ်သင့်ကာ ပဋိပက္ခ စနစ်နှင့် နိုင်ငံရေး ညှိနှိုင်းဖြေရှင်းမှုတွင် မိမိတို့အဖွဲ့အစည်းများကိုယ်တိုင်၏ အကျိုးစီးပွားများနှင့် လွှမ်းမိုးနိုင်မှုတို့ကိုလည်း သုံးသပ်ဆင်ခြင်ရပါမည်။ ဤသို့လေ့လာဆန်းစစ်ရာတွင် အောက်ပါ လမ်းညွှန်မေးခွန်းများဖြင့် အချက်အလက် ရှာဖွေသင့်သည် - မည်သည့် အရေးပါသော (လက်နက်ကိုင် သို့မဟုတ် ငြိမ်းချမ်းသော) အစိုးရမဟုတ်သည့် သက်ဆိုင်သူများသည် တရားဝင် သို့မဟုတ် အလွတ်သော ငြိမ်းချမ်းရေး ဆွေးနွေးမှု စားပွဲဝိုင်းများမှ လက်ရှိတွင် ဖယ်ကျဉ်ခံထားရပါသလဲ။ ၎င်းတို့အား လူထုထောက်ခံမှုအတိုင်းအတာ မည်မျှရှိသလဲ၊ မည်သည့် လူမှုရေး/ကဏ္ဍဆိုင်ရာ အသံများ၊ အမြင်များကို ၎င်းတို့ ကိုယ်စားပြု (သည်ဟုဆို) ပါသလဲ။ ၎င်းတို့၏ အကျိုးစီးပွားများနှင့် စိုးရိမ်ပူပန်မှုများမှာ ဘာတွေလဲ၊ ၎င်းတို့ကို ငြိမ်းချမ်းရေး ဆွေးနွေးမှု/အကောင်အထည်ဖော်မှု ဒီဇိုင်းပုံစံမှတဆင့်

မည်သို့ အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းပေးနိုင်သလဲ။ ၎င်းတို့ကို ငြိမ်းချမ်းရေး ဆွေးနွေးပွဲနှင့် အကောင်အထည်ဖော်ရေးတွင် ပါဝင်စေခြင်းဖြင့် မည်သည့် အကျိုးအမြတ်များ ရနိုင်သလဲ၊ ၎င်းတို့အား ဖယ်ကျဉ်ထားခြင်း (သို့မဟုတ် ထိုကဲ့သို့ ခံစားရခြင်း) ကြောင့် ဖြစ်လာနိုင်သည့် ထိခိုက်နိုင်ခြေများက ဘာတွေလဲ။

**သင်ခန်းစာ ၂ - ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ရလဒ်များအပေါ် ယုံကြည်မှုနှင့် ခိုင်လုံကြောင်းလက်ခံမှု ရှိစေရန်**နှင့် အကောင်အထည်ဖော်သည့်အဆင့်တွင် ဆန့်ကျင်မည့် အနာဂါတ် အတားအဆီးများ မပေါ်ပေါက်စေရန် ပြင်ပ ကြားဝင်စေ့စပ်ညှိနှိုင်းပေးသူများနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု အဖွဲ့အစည်းများသည် အဓိက ဆွေးနွေးဖက် အဖွဲ့များနှင့် အခြား နိုင်ငံရေး၊ လူမှုရေးဆိုင်ရာ သက်ဆိုင်သူများအကြား ဆွေးနွေးမှုစားပွဲဝိုင်းတွင်သော်လည်းကောင်း၊ အပြိုင်ဆွေးနွေးတိုင်ပင်မှု ပုံစံများဖြင့်သော်လည်းကောင်း ဆွေးနွေးတိုင်ပင်နိုင်ရန်နှင့် အချက်အလက် ဝေမျှနိုင်ရန် လမ်းကြောင်းများ ပေါ်ပေါက်ရေး ပံ့ပိုးသင့်ပါသည်။ ဤစာတမ်းတွင် လေ့လာထားသော နမူနာ အခြေအနေ လေးခုအား အခြေခံ၍ အထက်မှအောက် သို့မဟုတ် အောက်မှအထက် ပုံစံအမျိုးမျိုး စဉ်းစားဖော်ထုတ်နိုင်ပါသည်။ ဝါဒစုံ နိုင်ငံရေး ပါတီများအား ကိုယ်စားပြုသော လွှတ်တော် ငြိမ်းချမ်းရေး ကော်မရှင်များ သို့မဟုတ် ငြိမ်းချမ်းရေး ရုံးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ကဏ္ဍအလိုက် ကိုယ်စားလှယ်အဖွဲ့များအား ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်စေ၍ အဓိက ညှိနှိုင်းဆွေးနွေးနေသူများနှင့် တိုက်ရိုက်ထိတွေ့ဆွေးနွေးစေခြင်း၊ ထိခိုက်နစ်နာထားသော အစုအဖွဲ့များမှ ကိုယ်စားလှယ်များအပါအဝင် ကျား/မရေးရာ/တိုင်းရင်းသား/ထိခိုက်နစ်နာသူများ ဆိုင်ရာ ဆပ်ကော်မရှင်များ ဖွဲ့စည်းခြင်း၊ ငြိမ်းချမ်းရေးစကားဝိုင်းတွင် မပါဝင်သော အကျိုးသက်ဆိုင်သူများ (ဥပမာ လက်မှတ်မထိုးထားသော လက်နက်ကိုင်အဖွဲ့များ၊ အခွင့်အလမ်း နည်းပါးသော ဒေသများနှင့် အစုအဖွဲ့များ) အားပါဝင်စေသည့် နိုင်ငံလုံးဆိုင်ရာ ညီလာခံများ ကျင်းပခြင်း၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ အကြောင်းအရာများနှင့် တိုးတက်မှု အခြေအနေအား လူထုထံ အသိပေးရန်နှင့် မှားယွင်း အဓိပ္ပါယ်ကောက်ယူမှု မရှိစေရန် (သို့မဟုတ် သတင်းမှားများအား တန်ပြန်တိုက်ဖျက်ရန်) လူထုအား ဆက်သွယ်ပြန်ကြားမည့် နည်းစနစ်များ သို့မဟုတ် ဆွေးနွေးတိုင်ပင်မှုများအား ပိုမိုကောင်းစွာ ပုံဖော်နိုင်ရန် နိုင်ငံတော်အဆင့် လူထုသဘောထားခံယူခြင်းနှင့် စစ်တမ်းကောက်ယူခြင်းများ စသည်တို့ ပါဝင်ပါသည်။

**သင်ခန်းစာ ၃** - ကဏ္ဍအလိုက် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် လူမှုရေးလှုပ်ရှားမှုများ အနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ၎င်းတို့၏ ပါဝင်ခွင့်အား တိကျရှင်းလင်းစွာ တောင်းဆိုနိုင်ရန်၊ ပါဝင်နိုင်မည့် လမ်းကြောင်းများနှင့် အခွင့်အလမ်းများ ဖော်ထုတ်နိုင်ရန်နှင့် အဓိပ္ပါယ်ရှိစွာ ပါဝင်နိုင်ရန် အတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အစောပိုင်းအဆင့် (ဥပမာ အခွင့်အလမ်းစူးစမ်းရှာဖွေခြင်းနှင့် အစီအစဉ် ချမှတ်ခြင်း) တွင် တတိယအဖွဲ့အစည်းများမှနေ၍ ၎င်းတို့အား **အရည်အသွေးမြှင့်တင်ရေးအကူအညီ** ပေးသင့်ပါသည်။ လူမှုရေးအဖွဲ့အစည်း/လှုပ်ရှားမှုများ၏ သဘာဝအပေါ်မူတည်၍ အရည်အသွေးမြှင့်တင်ရေး အကူအညီတွင် ဥပမာအားဖြင့် ကိုယ်စားလှယ်များရွေးချယ်ကာ ၎င်းတို့နှင့် ကိုက်ညီသော ဆွေးနွေးညှိနှိုင်းမှု၊ ဆက်သွယ်ပြောဆိုမှု အရည်အချင်းများ၊ ဆွေးနွေးပွဲ အတွင်း/အဝန်းအဝိုင်းတွင်/ကျော်လွန်၍ လွှမ်းမိုးဖိအားပေးနိုင်ရန် အတွက် အပြုသဘောဆောင် လူထု လှုပ်ရှားမှုများအပါအဝင် မဟာဗျူဟာအစီအစဉ်ဆွဲခြင်းနှင့် ချဉ်းကပ်ပုံ အလားအလာများ ကြိုတင်ပြင်ဆင်ခြင်း၊ ဆွေးနွေးညှိနှိုင်းမှု အစီအစဉ်တွင် ကဏ္ဍအလိုက် ကျွမ်းကျင်မှုများ စသည်တို့အား သင်တန်းပေးခြင်းတို့ ပါဝင်နိုင်ပါသည်။

**သင်ခန်းစာ ၄** - ပြင်ပမှ ဝင်ရောက်၍ စေ့စပ်ညှိနှိုင်းသူများသည် မိမိတို့၏ စံချိန်စံညွှန်း သတ်မှတ်ချက်များကို သာမက ထိုထက်ကျော်လွန်၍ ရှုမြင်ကာ ကြားဝင်ညှိနှိုင်းပေးနေသည့် ဒေသ၏ နိုင်ငံရေးနှင့် ယဉ်ကျေးမှု အခြေအနေတို့ကိုလည်း ထောက်ချင့်၍

သက်ဆိုင်သူအားလုံး ပါဝင်နိုင်မည့် အခြေခံများအား စူးစမ်းရှာဖွေ၍ တက်ကြွစွာပံ့ပိုးသင့်ပါသည်။ သတ်မှတ် အစုအဖွဲ့များ (ဥပမာ အမျိုးသမီးနှင့် လူငယ်များ) ကိုသာ ဦးစားပေးခြင်းမပြုလုပ်ဘဲ **အခွင့်အလမ်းနည်းပါးသော လူမှုရေး ကဏ္ဍအားလုံး ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်ငန်းစဉ်တွင် မျှတစွာပါဝင်ခွင့်ကို** ပံ့ပိုးသင့်ပါသည်။ ဤအတွက် ဒေသခံအခြေအနေကို နားလည်သော၊ အသေးစိတ်ထူးခြားမှုများကို သတိပြုသည့် လေ့လာဆန်းစစ်ချက် (အထက်တွင် ကြည့်ပါ) လိုအပ်သလို ဆွေးနွေးညှိနှိုင်းမှု စားပွဲဝိုင်းများတွင် ပါဝင်မည့်သူများရွေးချယ်ရာ၌ (ကဏ္ဍအလိုက်၊ လူမျိုးအလိုက်၊ ကျား၊မ အလိုက်၊ အသက်အရွယ်အလိုက် စသဖြင့်) ပါဝင်သင့်သည့်အချိုးအစား စသည့် ကျယ်ပြန့်သော စဉ်းစားစရာ "တန်ဆာပလာများ"၊ အမျိုးသားအဆင့် ဆွေးနွေးမှုများနှင့်အတူ ဒေသအလိုက် ဆွေးနွေးတိုင်ပင်မှုများ၊ သို့မဟုတ် မပါဝင်သေးသော အရပ်ဖက်ကဏ္ဍများမှ အသံများကို ရှာဖွေ၊ ချိတ်ဆက်နိုင်မည့် ပါဝင်စေ့စပ်ညှိနှိုင်းသူများ စသည်တို့ လိုအပ်ပါသည်။

**သင်ခန်းစာ ၅ - ငြိမ်းချမ်းရေး လက်မှတ်မထိုးထားသော လက်နက်ကိုင်အဖွဲ့များ တဖြည်းဖြည်းချင်း တိုးမြှင့်ပါဝင်လာရေး** အတွက် တတိယအဖွဲ့အစည်းများသည် မိမိတို့ကိုယ်တိုင် မူဝါဒနီများ တားခြင်း သို့မဟုတ် "ဆွေးနွေးရန် ခက်ခဲသော" သို့မဟုတ် "အစွန်းရောက်သော" အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များနှင့် အစိုးရ၏ ချိတ်ဆက်ဆွေးနွေးပိုင်ခွင့်ကို မကန့်သတ်ရန် (ဥပမာ မာလီနိုင်ငံမှ Salafi Jhiadi လက်နက်ကိုင်အဖွဲ့များ) သတိထားရပါမည်။ တတိယအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ အားသာသည့် ဆက်သွယ်ခွင့်နှင့် လွှမ်းမိုးမှုတို့ကို အသုံးပြု၍ ငြိမ်းချမ်းရေး လက်မှတ်မထိုးထားသော လက်နက်ကိုင်အဖွဲ့များ ငြိမ်းချမ်းရေးလမ်းကြောင်းတွင် ပါဝင်လာစေရန် စည်းရုံးသင့်ပါသည် (ဥပမာ - မြန်မာနိုင်ငံတွင် တရုတ်အစိုးရ၊ ကိုလံဘီယာနိုင်ငံတွင် ဗင်နီဇွဲလား အစိုးရ)။ နိုင်ငံတကာ သက်ဆိုင်သူများ အနေဖြင့် INGO များနှင့် ဒေသတွင်း စေ့စပ်ညှိနှိုင်းသူများနှင့် ပူးပေါင်းကာ လက်နက်ကိုင် အဖွဲ့အစည်းများမှ ပါဝင်ချိတ်ဆက်လာနိုင်မည့် လမ်းကြောင်းများကို ရှာဖွေခြင်း၊ ၎င်းတို့ ဆက်လက် လက်နက်ကိုင် တိုက်ပွဲဝင်နေရသည့် အကြောင်းရင်းများကို ပိုမိုနားလည်အောင် ကြိုးပမ်းခြင်း၊ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ် ပုံသဏ္ဌာန်အတွင်း ၎င်းတို့ ဝင်ရောက်ဆွေးနွေးရန် ဖန်တီးပေးနိုင်သည့် အခွင့်အလမ်း၊ အချိန်အခါများကို စူးစမ်းခြင်းများ ဆောင်ရွက်သင့်ပါသည်။

**သင်ခန်းစာ ၆** - အလှူရှင်/မိတ်ဖက်နိုင်ငံများကဲ့သို့ တတိယအဖွဲ့အစည်းများသည် **မိမိတို့၏ စည်းရုံး၊ တွန်းအားပေးနိုင်စွမ်းကို မဟာဗျူဟာကျကျအသုံးချ၍** နိုင်ငံတော်အစိုးရနှင့် သြဇာအာဏာရှိအလွှာများ အနေဖြင့် အားလုံးပါဝင်သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံလာရန် ဆွဲဆောင်သင့်ပါသည်။ မဟာမိတ်ဖြစ်လာနိုင်သူများ (ဥပမာ ပြုပြင်ပြောင်းလဲရေး အမြင်ရှိသော သြဇာရှိသူများ) နှင့် အားလုံးပါဝင်ခွင့်အား ဆန့်ကျင်နေသည့် အရင်းအမြစ်များအား ရှာဖွေဖော်ထုတ်၍ အားလုံးပါဝင်ခွင့်၏ အကျိုးရလဒ်များအား နားလည်အောင် မိတ်ဆက်စည်းရုံးခြင်း နည်းလမ်းများ ဆောင်ရွက်သင့်ပါသည်။ အားလုံးပါဝင်ခွင့်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆိုင်ရာ ကျယ်ပြန့်သော သက်သေအချက်အလက် အခြေပြု သုတေသနများကို ကိုးကားကာ အားလုံးပါဝင်ခွင့်ရှိသည့် ဆွေးနွေးညှိနှိုင်းမှု ဒီဇိုင်းပုံစံအား ကျင့်သုံးခြင်းဖြင့် သဘောတရားရေးရာနှင့် မဟာဗျူဟာမြောက် အားသာချက်များ ရှိကြောင်း ဖော်ထုတ်၊ စည်းရုံးနိုင်ပါသည်။ ပြင်ပမှ ပါဝင်ပတ်သက်သူများသည် ၎င်းတို့၏ လွှမ်းမိုးနိုင်မှုနည်းလမ်းများကို အသုံးပြု၍ အာဏာရှိသူများအား အားလုံးပါဝင်ခွင့်ရှိသော ဆွေးနွေးညှိနှိုင်းရေး လုပ်ငန်းစဉ်ယန္တရားများ (အထက်တွင်ဖော်ပြထား သကဲ့သို့) ချမှတ်၍ "အဖျက်အမှောင့်များအား ကြိုတင်ကာကွယ်သော" ခံယူချက်အမြင်မျိုး ကျင့်သုံးလာစေရန် စည်းရုံး (သို့မဟုတ် ဖိအားပေး) နိုင်ပါသည်။

**သင်ခန်းစာ ၇** - အားလုံးပါဝင်ခွင့်ရှိ၍ ထိရောက်သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ပေါ်ပေါက်စေရန်၊ တတိယအဖွဲ့အစည်း စေ့စပ်ညှိနှိုင်းသူများသည် ထင်သာသော ရလဒ်များ လျင်မြန်စွာ ပေါ်ပေါက်လာရေးအတွက် ဆွေးနွေးမှုစားပွဲဝိုင်းတွင်

ပါဝင်မည့်အသံများကို လျှော့ချခြင်း၏ အကျိုး၊ အပြစ်များကို သေချာစွာ စဉ်းစားသုံးသပ်သင့်ပါသည်။ ဆွေးနွေးပွဲများ မပြီးဆုံးနိုင်ဘဲ ရွေးကောက်ပွဲစက်ဝန်း တစ်ခုပြီးတစ်ခု ဖြတ်သန်းဆောင်ရွက်နေရခြင်း (အာဏာရလာသူ လူသစ်များက ယခင်အစိုးရများ ပေးခဲ့သော ကတိကဝတ်များအား ပယ်ဖျက်လျှော့ချနိုင်သည့် အန္တရာယ်လည်း ရှိပါသည်) မျိုး မဖြစ်စေရန် တတိယအဖွဲ့အစည်းများအနေဖြင့် **အရပ်ဖက်လူမှုရေးကဏ္ဍအား ပါဝင်ခွင့်ပေးသလို အချိန်မီ အဖြေထွက်နိုင်မည့် ဆွေးနွေးညှိနှိုင်းမှု ဒီဇိုင်းပုံစံများအား** စဉ်းစားသင့်ပါသည်။ ဥပမာအားဖြင့် တစ်ဆင့်ချင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ် (သဘောတူညီချက်ပါ စာပိုဒ်များ၊ အခန်းများကို တစ်ခုပြီးမှ တစ်ခုဆွေးနွေးခြင်း) ဆွေးနွေးခြင်းအစား ခေါင်းစဉ်များခွဲကာ ကဏ္ဍအလိုက် အရေးပါဆုံး သက်ဆိုင်သူများ ပါဝင်စေ၍ ဆွေးနွေးမှု စားပွဲဝိုင်းများ (ဥပမာ မြေယာပြုပြင်ပြောင်းလဲရေး၊ အကူးအပြောင်းကာလ တရားမျှတမှု၊ နိုင်ငံရေးအရ ပါဝင်ခွင့်၊ ဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်း၊ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု) တပြိုင်နက် ဆောင်ရွက်ခြင်းကဲ့သို့ အချိန်ကုန်သက်သာသည့် နည်းလမ်းများအား စေ့စပ်ညှိနှိုင်း သူများက အကြံပြုသင့်ပါသည်။

**သင်ခန်းစာ ၈** - "ခွဲခြားဖယ်ကျဉ်သည့် လမ်းကြောင်းအား မှီခိုနေမှုများ" အား တားဆီးကာကွယ်၍ ရေရှည်အားလုံးပါဝင်ခွင့် ရရှိစေရေးအတွက် ငြိမ်းချမ်းရေး သဘောတူညီချက်တွင် **အကောင်အထည်ဖော်ရေးအဆင့်၌ အရပ်ဖက်လူမှုကဏ္ဍမှ ပါဝင်မည့်ပုံစံများ** အား ရှင်းလင်းစွာ သတ်မှတ်ပြဋ္ဌာန်းထားနိုင်ရန် အဓိက ဆွေးနွေးညှိနှိုင်းသူအဖွဲ့များအား စေ့စပ်ညှိနှိုင်း အကူအညီပေးသူများမှ နည်းပညာနှင့် ဥပဒေကျွမ်းကျင်မှု အကူအညီပေးသင့်သည်။ ဥပဒေနှင့် နိုင်ငံရေး အကြံပေးများ မှနေ၍ အကောင်အထည်ဖော်ရေး နည်းစနစ်၊ ယန္တရားများတွင် အားလုံးပါဝင်ခွင့်ရှိသော နည်းလမ်းများကို အခြေခံသည့် အသေးစိတ် သတ်မှတ်ချက်များ ပါဝင်ရန် အကြံပြုပေးနိုင်ပါသည်။ ဥပမာအားဖြင့် အကျိုးခံစားသူ/နစ်နာသူအစုအဖွဲ့များမှ တိုက်ရိုက် ကိုယ်စားပြုပါဝင်မှုဖြင့် အားလုံးပါဝင်သော စောင့်ကြည့်ရေး ကော်မရှင်များ ဖွဲ့စည်းခြင်း၊ အားလုံးပါဝင်သော ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ရာ၌ တိုးတက်မှုကို တိုင်းတာရန် တိကျသော စံသတ်မှတ်ချက်များ၊ အညွှန်းကိန်းများ ချမှတ်ခြင်း၊ သို့မဟုတ် အကောင်အထည်ဖော်ရေးအစီအစဉ်များမှာ ဒေသခံများ၏ လိုအပ်ချက်နှင့် အကျိုးစီးပွားများနှင့် ကိုက်ညီစေရန် ပုံမှန် လူထု သဘောထားခံယူပွဲကျင်းပ၍ လိုအပ်သလို ပြောင်းလဲပြင်ဆင်ခြင်း စသည်တို့ဖြစ်သည်။

## 8. ကိုးကားစာရင်းနှင့် ထပ်မံလေ့လာဖတ်ရှုသင့်သည်များ


Boutellis, Arthur and Marie-Joëlle Zahar (2017). A Process in Search of Peace: Lessons Learnt from the Inter-Malian Agreement. New York: International Peace Institute.

Bramble, Alexander and Thania Paffenholz (2020). Implementing Peace Agreements. From Inclusive Processes to Inclusive outcomes? Inclusive Peace and Transition Initiative and United Nations Development Program.

Carl, Andy, Ed. (2019). Navigating Inclusion in Peace Processes. Accord Issue 28. London: Conciliation Resources.

Dudouet, Véronique and Stina Lundström (2016). Post-war Political Settlements: From Participatory Transition Processes to Inclusive State-building and Governance. Berlin: Berghof Foundation.

Johanson, Vanessa (2017). Creating an Inclusive Burmese Peace Process. Washington, DC: United States Institute of Peace.

Joshi, Madhav, and Jason Michael Quinn (2016). Watch and Learn: Spillover Effects of Peace Accord Implementation on Non-Signatory Armed Groups. Research & Politics 3(1): 1-7.

Lanz, David (2011). Who Gets a Seat at the Table? A Framework for Understanding the Dynamics of Inclusion and Exclusion in Peace Negotiations. International Negotiation 16(2): 275-295.

Nilsson, Manuela (2018). Civil Society Actors in Peace Negotiations in Central America. Journal of Civil Society 14(2): 135-152.

Paffenholz, Thania (2014). Broadening Participation in Peace Processes. Dilemmas and Options for Mediators. Mediation Practice Series. Geneva: Centre for Humanitarian Dialogue.

Papagianni, Katia (2009). Political Transitions after Peace Agreements: The Importance of Consultative and Inclusive Political Processes. Journal of Intervention and Statebuilding 3(1): 47–63.

Schädel, Andreas and Véronique Dudouet, with support from Johanna-Maria Hülzer and Carlotta Sallach (2020). Incremental Inclusivity: A Recipe for Effective Peace Processes? Research Report. Berlin: Berghof Foundation.

Segura, Renata and Delphine Mechoulan (2017). Made in Havana: How Colombia and the FARC Decided to End the War. New York: International Peace Institute.

Rahim, Mushtaq Muhammad (2018). Peace Prevails: A Review of the Process of Peace and Reconciliation between the Afghan Government and Hezb-e Islami. Berghof Transition Series No. 13. Berlin: Berghof Foundation.

Wanis-St John, Anthony and Darren Kew (2008). Civil Society and Peace Negotiations: Confronting Exclusion. International Negotiation 13(1): 11-36.

Zahar, Marie-Joëlle and Erin McCandless (2020). Sustaining Peace One Day at a Time: Inclusion, Transition Crises, and the Resilience of Social Contracts. Journal of Intervention and Statebuilding 14(1): 119-138.